စိုင်းဝင်းမြင့်

# ကျေးရူးတော်လမ်း



# သေပန်းပွင့်လျက်၊ ကျောက်မျက်ရွဲများ စီခြယ်လျက်

၁

ကိုစိုးနိုင်ရဲ့ ပုံလေးတွေနဲ့ နေနိုင်တို့ ရဲ့ 10A နဲ့

ကျွန်တော်ရဲ့ အရေးအသား တချို့နဲ့ ကျေးဇူးတော်လမ်းဆိုတဲ့ အစီအစဉ် တစ်ခု စာအုပ်တစ်အုပ်။

၂

ချစ်ခြင်း (၂၀၁၇ ဩဂုတ်) ပြီးတဲ့ နောက် ကဗျာတွေ အရင်လို ဆက်ရေးဖြစ်နေသေး ပြန်ရှာမတွေ့သေးလို့ ကျန်ရစ်ခဲ့ရတဲ့ အရင်နှစ်က ကဗျာတွေ Fb On this day က ပြန်လည် ရရှိလာနေသေး

ကိုယ်တစ်ယောက်တည်း အရောရော အထွေးထွေး ကဗျာတွေကို ဘယ်လိုပြန် အဆင်အသွေးခွဲရမလဲ တွေးမိသေးတော့တယ်။

၃

ကဗျာပေါင်းချုပ် ဒုတိယအုပ် (၂၀၁၇)တုန်းကလည်း အဆောင်ဆော

င် အခန်းခန်းတွေ မခွဲတော့ဘဲ ကောက်လှန်လိုက်တဲ့ စာမျက်နှာကပဲ မျက်စိကျသလိုစ သွားချင်တဲ့ နေရာဆက်သွား ဆုံးချင်တဲ့ နေရာမှာ ဆုံး

ပြန်လည် သတိရတဲ့ အခါ နှစ်သက်တဲ့ စာမျက်နှာ ပြန်လည် ရယူနိုင်အောင် နှစ်ကာလ အပိုင်းအခြား တစ်ခုထဲ တစ်စုတည်း ထားခဲ့မိတော့ အခုနောက်ပိုင်း ကဗျာတွေကို ကဗျာပေါင်းချုပ် တတိယအုပ်ရယ်လို့ အခု လောလောဆယ် မပေးချင်သေး ကဗျာအစု အစုတွေ အသက်က ပေးခဲ့သမျှ မငြင်းခဲ့ အရှုံး တစ်ယောက်လို ရသလို ယူခဲ့ ရေးမိခဲ့တာလေးတွေကို သူ့အရသာလေးနဲ့ သူပြန်ရအောင် သုံး လေး ငါးအုပ် ခွဲထုတ်ရတယ်။

၄

မကြာခင်မှာ စိတ်ကူးချိုချိုက ထွက်လာမယ့် ကဗျာတစ်ပုဒ်ချင်းစီမှာ ကိုမုတ်သုန်ရဲ့ သရုပ်ဖော်ပုံ တစ်ပုံချင်းစီနဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာထဲ တစ်ညချင်းစီမှာ တစ်ပုဒ်ချင်း ရေးဖြစ်ခဲ့တဲ့ ဒီဇင်ဘာညများ ကဗျာစာအုပ်က တစ်အုပ်။

၅

နှစ်များ စွာထဲ စ လယ် ဆုံး ကဗျာပုံမှန် ရေးနေရာကနေ

နှစ်များ စွာထဲ အကြမ်း ရေးခြစ်ထားပေမယ့် အာရုံမကျသေးလို့ ကဗျာအဖြစ် ပြန်လည် ဆက်စပ် မရေးဖြစ်တာလေးတွေနဲ့ ကိုယ်ဘာဖြစ်ဖြစ် ရေသောက်မြစ်ကနေ အဖူးအပွင့် အထိ ရောက်အောင် ဝန်နဲ့ အားနဲ့ ဆက်မသွားချင်ဘဲ သူ့အရေးအသားနဲ့ သူ တစ်ဖြတ် ရပ်တည်နိုင်တဲ့ အရေးအသားလေးတွေကို ပြန်လည်စုစည်းပြီး ကျေးဇူးတော်လမ်းဆိုပြီး ပ

န်းချီ ကိုစိုးနိုင် ၅ဂနဲ့ အတူပေးလိုက်တဲ့ အခုစာအုပ်က တစ်အုပ်။

၆

နှစ်သစ်ကူးတွေ နှစ်ဆန်းတစ်ရက်နေ့တွေ ပင်လယ်တွေ ရန်ကုန်တွေ ချူချာတွေ ကျန်တာတွေကတော့ တိုက်ခိုက်နေတဲ့ လေထဲ(၂ဂဂ၅) နောက်ပိုင်း ရေးခဲ့တဲ့ စကားပြေတွေနဲ့ အတူ တမလွန်မှာ ပွင့်တဲ့ ပန်းဆိုပြီး(ကဗျာ၊ စကားပြေ) တစ်အုပ် အကြမ်း စီစဉ်နေသေး

ပြီးတော့ ကဗျာတွေကလည်း ကျွန်တော်ဆိုသော လူတစ်ယောက်ကို ရေးလို့ မဆုံးသေး (ဆိုတော့) ဒီနေရာမှာ ဒီထက်ပိုပြီး ဘာမှ ပြောလို့ မရသေး။ ။

စိုင်းဝင်းမြင့်
၂၅ ၅ ၂၀၁၈
ရန်ကုန်



***

၁

အသက်ကို နောက်မှ ရှူမယ်
ကော်ဖီကို အရင်သောက်မယ်

ငါ့ကိုယ်ငါအရင်ချစ်လည်း
မင်းကို ချစ်တာ အရင်ဖြစ်ခဲ့တယ်။ ။



***

၂

ကိုယ့်ခါးကို မင်းဖက်ထားထား

မင်းခါးကို ကိုယ်ဖက်ထားထား

လမ်းဟာ သွားနေဖို့ ပဲ။



***

၃

မျက်နှာကို လေတိုးနေတာ ဘဝ အရသာ
အလွမ်းအဆွေးမှာ
မင်းမျက်နှာလည်း ဖြစ်မယ် ကိုယ့်မျက်နှာလည်း ဖြစ်မယ်
လေထဲ ဆံပင်တွေ လွင့်နေတာ လှတယ်။



***

၄

လမ်းပေါ် တစ်နှစ်ပတ်လုံး သွားနေတာပဲ

လမ်းပေါ် တစ်နှစ်ပတ်လုံး လူတွေ သေနေကြတာပဲ

မသွားလို့ မှ မဖြစ်

အချစ်မှာ မရောက်လို့ မှ မဖြစ်ပဲ။



***